အထွေထွေ အတွင်းရေးမှူး

၁၆ ဇန်နဝါရီ ၂၀၁၉

ဥက္ကဋ္ဌကြီး ခင်ဗျား

ကျွန်တော့် အနေဖြင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မူဆလင်များနှင့် အခြားလူနည်းစုများ၏ အခြေအနေနှင့် စပ်လျဥ်း၍ လူ့အခွင့်အရေး ကောင်စီ၏ ၂၀၁၈ စက်တင်ဘာ ၂၇ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက် အမှတ် (၃၉/၂)ကို ညွှန်းဆိုခွင့်ရသည့်အတွက် ဂုဏ်ယူမိပါသည်။ ထို ဆုံးဖြတ်ချက်တွင် ကောင်စီအနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၁မှ စ၍ ကျူးလွန်ခဲ့သော အဆုံးဝါးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုများအတွက် အထောက်အထားများကို စုဆောင်းရန်၊ ပေါင်းစည်းရန်၊ ထိန်းသိမ်းထားရန်နှင့် စိစစ်သုံးသပ်ရန်၊ ယင်းရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ အနာဂတ်တွင် တရားစီရင်ပိုင်ခွင့်များ ရှိလာနိုင်သော နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ တရားရုံးများ၊ ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှုန်းစံများနှင့် အညီ လွတ်လပ်၍ မျှတသော ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအား လွယ်ကူချောမွေ့စေရန်နှင့် သွက်လက်မြန်ဆန်စေရန်အတွက် အမှုတွဲများ ပြင်ဆင်ပေးထားရန် ဆက်လက်လည်ပတ်နေဆဲ လွတ်လပ်သော ယန္တရားတစ်ခု (မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား) ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အထွေထွေ ညီလာခံကြီးကလည်း လူ့အခွင့်အရေး ကောင်စီ၏ ထို ယန္တရား ဖွဲ့စည်းတည်ထောင်မှုအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် (၇၃/၂၆၄)ဖြင့် ကြိုဆိုခဲ့ပြီး ယင်း၏ လုပ်ငန်းစဉ်များ မြန်ဆန်စွာ စတင်နိုင်ရေးနှင့် ထိရောက်သော အလုပ်အကိုင်များကို မြန်နိုင်သမျှ မြန်မြန် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အဆင့်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းခဲ့ကြောင်း ကျွန်တော့်အနေဖြင့် မှတ်သားမိပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း ကျွန်တော့်အနေဖြင့် အခြားသော အလားတူ စုံစမ်းစစ်ဆေးရေး ယန္တရားများ၏ အတိတ် အတွေ့အကြုံများအပေါ် အခြေခံ၍ အတွင်းရေးမှူးချုပ်ရုံးမှ ပြင်ဆင်ပေးထားသော မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များ ကို ပေးပို့ခွင့်ရသည့်အတွက် ဂုဏ်ယူမိပါသည်။

ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌကြီးမှ ပူးတွဲပါ စာတမ်းကို လူ့အခွင့်အရေး ကောင်စီ၏ အခြားသော အဖွဲ့ဝင်များထံ ကျေးဇူးပြု၍ ဖြန့်ဝေ ပေးစေလိုပါသည်။

ဥက္ကဋ္ဌကြီးအနေဖြင့် ကျွန်ုပ်တို့၏ အမြင့်ဆုံး ဆင်ခြင်သုံးသပ်ထားမှုကို လက်ခံရယူစေချင်ပါသည် ခင်ဗျား။

အနွေးထွေးဆုံးသော လေးစားမှုဖြင့်

Antonio Guterres

Mr. Coly Seek

ဥက္ကဋ္ဌ
လူ့အခွင့်အရေး ကောင်စီ၊ ဂျနီဗာ

# မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား

## <u>လုပ်ငန်းတာဝန်သတ်မှတ်ချက်များ</u>

၁။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ၊ ၂၇ရက်နေ့တွင် လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမူစလင် များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သော ဆုံးဖြတ်ချက်အမှတ် A/HRC/RES/39/2 အရ မြန်မာနိုင်ငံအတွက် ဆက်လက်လည်ပတ်နေဆဲ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (ယခု လုပ်ငန်းတာဝန်သတ်မှတ်ချက်များတွင်လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားဟုခေါ်ဆိုပါမည်)ကိုတည်ထောင် ခဲ့ပါသည်။ ကောင်စီအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားကို တည်ထောင်ရာတွင် (၁) မြန်မာနိုင်ငံ တွင် ၂၀၁၁ခုနှစ်မှစ၍ ကျူးလွန်ခဲ့သော အဆိုးရွားဆုံး အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုများအတွက် အထောက်အထားများကို စုဆောင်းရန်၊ ပေါင်းစည်းရန်၊ ထိန်းသိမ်းထားရန်နှင့် စိစစ်သုံးသပ်ရန်၊ နှင့် (၂) ယင်းရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာဥပဒေအရ အနာဂတ်တွင် တရားစီရင်ပိုင်ခွင့်များရှိလာနိုင်သော နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတရားရုံးများ၊ ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများနှင့်အညီ လွတ်လပ်၍မျှတသော ရာဇဝတ်မှုဆိုင်ရာစစ်ဆေးစီရင်မှုများအား လွယ်ကူချောမွေ့စေရန်နှင့် သွက်လက်မြန်ဆန်စေရန်အတွက် အမှုတွဲများ ပြင်ဆင်ပေးရန် လုပ်ပိုင်ခွင့်သတ်မှတ်ခဲ့သည်။

၂။ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၂ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ် (၇၃/၂၆၄) တွင် အထွေထွေညီလာခံမှ လူ့အခွင့်အရေးကောင်စီ၏ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားတည်ထောင်မှုကို ကြိုဆိုလိုက်ပြီး ယင်း၏ လုပ်ငန်းစဉ်များ မြန်ဆန်စွာ စတင်ရန်နှင့် လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက် လိုအပ်သောအဆင့်များကို ဆောင်ရွက်ရန် တိုက်တွန်းလိုက်ပါသည်။

၃။ အောက်ပါလုပ်ငန်းတာဝန်သတ်မှတ်ချက်များကို ဆုံးဖြတ်ချက်အမှတ် A/HRC/RES/32/9၏လုပ်ငန်းပိုင်းဆိုင်ရာ စာပိုဒ် ၂၅ နှင့်အညီ ရေးဆွဲပြင်ဆင်ထားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ အတည်ပြုပြီးသား ဖြစ်ပါသည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ဤလုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့် တသမတ်တည်း ဆောင်ရွက်ရမည် ဖြစ်သည်။

### ၁။ လုပ်ပိုင်ခွင့်

၄။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားအနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၁မှစ၍ ကျူးလွန်ခဲ့သော အဆိုးရွားဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေချိုးဖောက်မှုများအတွက် အထောက်အထား များကို စုဆောင်းရမည်၊ ပေါင်းစည်းရမည်၊ ထိန်းသိမ်းရမည်၊ စိစစ်သုံးသပ်ရမည်ဖြစ်ပြီး၊ ယင်းရာဇဝတ်မှုများ အတွက် အပြည်ပြည်ဆိုင်ရာဥပဒေအရ အနာဂတ်တွင် တရားစီရင်ပိုင်ခွင့်များရှိလာနိုင်သော နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတရားရုံးများ၊ ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ လွတ်လပ်၍ မျှတသော ရာဇဝတ်မှုဆိုင်ရာစစ်ဆေးစီရင်မှုများအား လွယ်ကူချောမွေ့စေရန်နှင့် သွက်လက်မြန်ဆန်စေရန်အတွက် အမှုတွဲများကို ပြင်ဆင်ပေးရမည်ဖြစ်ပါသည်။

၅။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသည် ယင်းအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ထမ်းဆောင်နိုင်ရန် သင့်လျော်လိုအပ်သောကွင်းဆင်းလေ့လာခြင်းများ၊ နိုင်ငံဆိုင်ရာ၊ ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို လုပ်ဆောင်ကာ ဆီလျော်သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာ များနှင့် အထောက်အထားများကို မှတ်တမ်းတင်ရန်နှင့် စစ်ဆေးအတည်ပြုရန်အတွက်လည်း လုပ်ပိုင်ခွင့် ရှိပါသည်။

၆။ အဆိုးရွားဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ ချိုးဖောက်မှုများဆိုသည်မှာ အပြည်ပြည်ဆိုင်ရာဥပဒေရင်းမြစ်များတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း လူမျိုးသုဉ်းသတ်ဖြတ်ခြင်း၊ လူသားတမျိုးနွယ်လုံးအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် အခြားသောအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများကို ပြင်းထန်စွာ ချိုးဖောက်ခြင်းများကို အဓိကအားဖြင့် ရည်ညွှန်းကြောင်း နားလည်ထားပါသည်။

၇။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားသည် သမာသမတ်ကျရမည်၊ အမှီအခိုကင်း၍ သီးသန့်လွတ်လပ်ရမည်၊ ယုံကြည်စိတ်ချထိုက်ရမည်ဖြစ်ပြီး၊ ယခုလုပ်ငန်းတာဝန်သတ်မှတ်ချက်များ၊ ကုလသမဂ္ဂပဋိညာဉ်၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ၊ ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများအပါအဝင် သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် အမြဲကိုက်ညီစွာ ဆောင်ရွက်ရပါမည်။ ယင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှုယန္တရားများ၏ အလေ့အကျင့်ကောင်းများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။

က။ အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို စုဆောင်းရန်၊ မှတ်တမ်းတင်ရန်၊ အတည်ပြုရန်၊ ပေါင်းစည်းရန်၊ ထိန်းသိမ်းရန်နှင့် စိစစ်သုံးသပ်ရန်

<u>စုဆောင်းခြင်း၊ ပေါင်းစည်းခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်း</u>

၈။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသည် မြန်မာနိုင်ငံတွင် ၂၀၁၁ မှစ၍ ကျူးလွန်ခဲ့သော အဆိုးရွားဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုများနှင့် သက်ဆိုင်သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို စုဆောင်းရမည်၊ ပေါင်းစည်းရမည်၊ ထိန်သိမ်းရမည်၊ စိစစ်သုံးသပ်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် ယန္တရားသည် -

က။ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်မှ စုဆောင်းထားသော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို ရယူရမည်၊ အသုံးပြုရမည်။

ခ။ သက်ဆိုင်သော ပြည်တွင်းအာဏာပိုင်များ၊ ကုလသမဂ္ဂစနစ်အတွင်းရှိ အဖွဲ့အစည်းများ၊ နိုင်ငံတကာ၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတွင်း အဖွဲ့အစည်းများ (သို့) ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြားအစိုးရမဟုတ်သည့်ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ၊ အခြားအုပ်စုများ သို့မဟုတ် တစ်ဦးချင်းလူပုဂ္ဂိုလ်များအပါအဝင် လိုအပ်သည်၊ သင့်လျော်သည်ဟု မှတ်ယူထားသော ရင်းမြစ်များထံမှ တောင်းဆိုခြင်းဖြင့်ဖြစ်စေ၊ ၎င်းတို့၏ မျှဝေရန် ဦးစွာကမ်းလှမ်းလာမှုကို လက်ခံခြင်းဖြင့်ဖြစ်စေ နောက်ထပ်အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို စုဆောင်းရမည်။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားမှလည်း ထိုရင်းမြစ်တို့အား သင့်တော်သလို၊ စွမ်းအားရှိသလို အချက်အလက်များနှင့် အကူအညီများပေးနိုင်သည်။ လိုအပ်သောစံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်သောအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို လွတ်လပ်သောစုံစမ်းစစ်ဆးမှုယန္တရားသို့ ရောက်ရှိရန်၊ သတ်မှတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့ အချေမွှတ်ဆုံး ဖြစ်စေရန် ရည်ရွယ်၍ ဖြစ်သည်။

ဂ။ ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများ သို့မဟုတ် ဆီလျော်သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများအား လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရားသို့ ပေးအပ်နိုင်ဖွယ် ရှိသည့် အခြားသောပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ထံမှ ထုတ်ဖော် ပြောဆိုမှုများ ရယူခြင်းစသည့်နည်းလမ်းများအပါအဝင် နောက်ထပ်အချက်အလက်များ၊ မှတ်တမ်းမှတ် ရာများနှင့် အထောက်အထားကို သင့်လျော်သလို ထပ်မံစုဆောင်းရမည်။ ရုပ်ဝတ္ထုအထောက်အထားများ၊ ဓာတ်ပုံ၊ ဗွီဒီယို သို့မဟုတ် အခြားရုပ်သံဆိုင်ရာပုံရိပ်များ သို့မဟုတ် ပစ္စည်းများ၊ ဒီဂျစ်တယ် သို့မဟုတ် အခြား အီလက်ထရွန်နစ်ပစ္စည်းများကို လက်ခံခြင်း သို့မဟုတ် ရယူခြင်း၊ နှင့် မှုခင်းဆေးပညာဆိုင်ရာ ပစ္စည်းများနှင့် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်နိုင်ဖွယ်ရှိသည့် အခြားသောထိတွေ့ကိုင်တွယ်နိုင်သည့် သို့မဟုတ် ထိတွေ့ကိုင်တွယ်နိုင်ခြင်းမရှိသည့်အရာများအား လက် ဝယ်ရရှိလာအောင် ဆောင်ရွက်ခြင်း။

ဃ။ သင့်လျော်သလို ကွင်းဆင်းလေ့လာခြင်းနှင့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် နည်းလမ်းများအပါအဝင် လက်ခံရရှိသော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို သင့်လျော်သလိုနှင့် လိုအပ်သလို မှတ်တမ်းတင်ခြင်းနှင့် စစ်ဆေးအတည်ပြုခြင်းတို့ ဆောင်ရွက်ရမည်။

စိစစ်သုံးသပ်ခြင်း

၉။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသည် ရယူထားသည့် အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများအား သီးခြားစီသော်လည်းကောင်း၊ သို့မဟုတ် အခြားပစ္စည်းများနှင့် ဆက်စပ်၍သော်လည်းကောင်းယုံကြည်ရမှုနှင့် သက်သေပြနိုင်မှုတန်ဖိုးတို့အပေါ်အခြေခံ၍ ဆန်းစစ်အကဲဖြတ်ရမည်။ ထိုသို့ဆန်းစစ်ရာတွင် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားအနေဖြင့် ကမ္ဘာပေါ်ရှိ အဓိကဥပဒေစနစ်များက အသိအမှတ်ပြုထားသော အထောက်အထားဆိုင်ရာနှင့်နည်းလမ်းဆိုင်ရာစံနှုန်းများနှင့် အခြေခံမှုများကို ဆောင်ရွက်မည့်ရည် ရွယ်ချက်များအတွက် သင့်လျော်သလို ထည့်သွင်းစဉ်းစားပြီး ဆွဲယူကျင့်သုံး နိုင်ပါသည်။ ယန္တရားအနေဖြင့် လက်ဝယ်တွင်ရှိသောအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့်အထောက်အထားများတွင် လစ်ဟာမှုများကို ဖော်ထုတ်ရန်၊ သက်ဆိုင်သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများ ထပ်မံ ရယူရန် လိုအပ်ချက်နှင့် လက်တွေ့ဖြစ်နိုင်စွမ်းတို့ကို ဆန်းစစ်ရန်နှင့် အဆိုပါလစ်ဟာမှုများကို ဖြည့်ဆည်းရန် ဖြစ်နိုင်သော၊ သင့်လျော်သော အဆင့်များကို ဆောင်ရွက်ရန် ကြိုးပမ်းရမည်။

စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် သိမ်းဆည်းခြင်း

၁၀။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် လက်ဝယ်တွင်ရှိသော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့်အထောက်အထားများအားလုံးကို နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေစံနှုန်းများနှင့် အခြားအလားတူ အပြည်ပြည် ဆိုင်ရာတာဝန်ခံမှုယန္တရားများ၏ ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှတ်တမ်းတင်၊ စီမံခန့်ခွဲ၊ ထိန်းသိမ်းပြီး သိမ်းဆည်းရမည်။ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၁၁ခုနှစ် ကတည်းက မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော အဆိုးရွားဆုံးအပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများအပေါ် စီရင်ပိုင်ခွင့်ရှိသော သို့မဟုတ် အနာဂတ်တွင် စီရင်ပိုင်ခွင့်ရှိလာနိုင်သော နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံးများ သို့မဟုတ် ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အညီ ရာဇဝတ်မှုများအား မျှတပြီးလွတ်လပ်သောစစ်ဆေးစီရင်မှုများတွင် အလွယ်တကူရယူလေ့လာနိုင်မှု၊ အသုံး ဝင်မှုနှင့် သက်သေအဖြစ်လက်ခံနိုင်မှု ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံးရှိရန် ရှေးရှုရမည်။

၁၁။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် လက်ဝယ်တွင်ရှိသောသက်ဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများအားလုံးကို စနစ်တကျ မှတ်တမ်းတင်၊ စီမံခန့်ခွဲ၊ ထိန်းသိမ်းပြီး သိမ်းဆည်း ရန် အီလက်ထရွန်နစ်အချက်အလက်များနှင့် အမှုတွဲများစီမံခန့်ခွဲခြင်း စနစ်များနှင့် ဒေတာဘေ့စ်များအပါအဝင် ကုလသမဂ္ဂ၏စံနှုန်းများနှင့်လိုက်လျောညီထွေဖြစ်သည့် သင့်လျော်သော၊ အထူးပြုလုပ်ထားသောနှင့် နောက်ဆုံး ပေါ်ဖြစ်သောအချက်အလက်နည်းပညာစနစ်များကို အသုံးပြုရမည်။ အဆိုပါအချက်အလက်နည်းပညာ၊ အချက် အလက်နှင့် အမှုတွဲစီမံခန့်ခွဲခြင်းနှင့် ဒေတာဘေ့စ် ကိရိယာများနှင့် စနစ်များအား သင့်လျော်သလို မျှဝေခြင်း၊ ဘုံအသုံးပြုခြင်း သို့မဟုတ် ရယူခြင်းတို့အတွက် ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များနှင့် ညီညွတ်သည့်အတိုင်း သင့်လျော်သလို အခြားကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် ယန္တရားအနေ ဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရာတွင် ကုန်ကျစရိတ်သက်သာစေရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန် ဖြစ်ပါသည်။

၁၂။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရန်အတွက်လိုအပ်သလို လက်ဝယ်တွင်ရှိသောအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများအား အနှောင့်အယှက်အပြတ်အတောက်မရှိဘဲ အဆင့်ဆင့်ထိန်းသိမ်းစောင့်ရှောက်မှု (Chain of Custody) ရှိရမည်။

၁၃။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် အချက်အလက်၊ မှတ်တမ်းမှတ်ရာနှင့် အထောက်အထား ပုံစံအားလုံးကို မှတ်တမ်းတင်ရန်၊ စီမံခန့်ခွဲရန်၊ ထိန်းသိမ်းရန်နှင့် သိမ်းဆည်းရန် လိုအပ်သော ဆောင်ရွက်နိုင်စွမ်းကို ဖြည့် စွက်ထားရမည်၊ ရယူထားရမည် သို့မဟုတ် အသုံးပြုနိုင်ရန် ထိန်းသိမ်းထားရမည်။ ဤကိစ္စနှင့်ပတ်သက်၍ အကူ အညီပေးနိုင်မည့် ဘေးကင်းလုံခြုံပြီး ဂုဏ်သတင်းကောင်းသောဝန်ဆောင်မှုများနှင့်

အထောက်အပံ့များနှင့် ချိတ်ဆက်နိုင်ရန် သို့မဟုတ် ၎င်းတို့ကိုအသုံးပြုရန်အလို့ငှာ ယန္တရားသည် ကုလသမဂ္ဂကိုယ်စား အဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတွင်း အဖွဲ့အစည်းများ၊ အဖွဲ့များ သို့မဟုတ် ပုဂ္ဂိုလ်များ သို့မ ဟုတ် သင့်လျော်သောကော်ပိုရေးရှင်းများနှင့် စာချုပ်များချုပ်ဆိုနိုင်ပါသည်။ ထိုသို့ချုပ်ဆိုရာတွင် အချက်အလက် လုံခြုံရေး၊ တင်းကြပ်စွာ လျှို့ဝှက်ထားရှိရေးနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များအတွက် ထိုက်သင့်သောအာမခံချက်အားလုံး ပါဝင်ရပါမည်။

၁၄။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသည် ရုပ်ဝတ္ထုအားဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်ပုံစံဖြင့်ဖြစ်စေ ရှိနေသော ၎င်း၏မှတ်တမ်းမှတ်ရာများအားလုံးကို ယန္တရား၏လုပ်ပိုင်ခွင့် အထမြောက်ပြီးနောက် ၎င်း၏မှတ်တမ်းများ ရေရှည်သိမ်းဆည်းခြင်းအတွက် သင့်လျော်သော လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ်ခြင်းနှင့် အဆိုပါမှတ်တမ်းများအား ဝင်ရောက်ရယူနိုင်မှုကို ထိန်းချုပ်ခြင်းအပါအဝင် စနစ်တကျစီမံခန့်ခွဲခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် မော်ကွန်းမှတ်တမ်းတင်ခြင်းရှိစေရန် စတင်ဆောင်ရွက်စဉ်ကတည်းက သေချာစေရမည်။

ခ။ အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုများကို စီရင်ပိုင်ခွင့်ရှိသော သို့မဟုတ် အနာဂတ်တွင် စီရင်ပိုင်ခွင့်ရှိလာနိုင်သော နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတရားရုံးများ၊ ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့်အညီ မျှတပြီးလွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာစစ်ဆေးစီရင်မှုများအား လွယ်ကူချော မွေ့စေရန်နှင့် သွက်လက်မြန်ဆန်စေရန်အတွက် အမှုတွဲများပြင်ဆင်ပေးရန်

အမှုတွဲများ ပြင်ဆင်ခြင်း

၁၅။ အဆိုးရွားဆုံးရာဇဝတ်မှုများနှင့်အပြည်ပြည်ဆိုင်ရာဥပဒေချိုးဖောက်မှုများနှင့်ပတ်သက်၍ စုဆောင်း၊ ပေါင်းစည်း၊ ထိန်းသိမ်း၊ စိစစ်သုံးသပ်ထားသောအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့်အထောက်အထားများကိုအခြေ ခံ၍ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် မျှတပြီးလွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာစစ်ဆေး စီရင်မှုများ အား လွယ်ကူချောမွေ့စေရန်နှင့် သွက်လက်မြန်ဆန်စေရန်အတွက် အဆိုပါရာဇဝတ်မှုများအတွက် တာဝန်ရှိ သော ပုဂ္ဂိုလ်(များ)၏ ရာဇဝတ်မှုမြောက်သော လုပ်ရပ်များအပေါ် အဓိကထား၍ အမှုတွဲများကို ပြင်ဆင်ရမည်။ ထိုသို့ပြင်ဆင်ရာတွင် ၎င်းတို့၏ ပတ်သက်ဆက်နွယ်မှု သို့မဟုတ် တရားဝင်ရာထူးတာဝန်အပေါ် အခြေခံ၍ မည်သည့်ခွဲခြားချက်မျိုးမျှမထားရှိဘဲ ထိုရာဇဝတ်မှုများတွက် တာဝန်အရှိဆုံးဟု ယူဆရသည့် ပုဂ္ဂိုလ်များအား စိစစ်သုံးသပ်ရမည့်အပြင် အဓိကထားရမည်။

၁၆။ အဆိုပါအမှုတွဲများတွင် အမိန့်ပေးစေခိုင်းခြင်းကြောင့် သို့မဟုတ် ရာထူးမြင့်မားမှုကြောင့်တာဝန်ရှိခြင်းအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေအရ စွပ်စွဲနိုင်သောရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတွင် အသိအမှတ်ပြုထားသော ရာဇဝတ်မှုအတွက်တာဝန်ရှိပုံ သို့မဟုတ် တာဝန်ရှိပုံများနှင့်စပ်လျဉ်း၍ ပါဝင်ပတ်သက်ကြောင်းပြသသည်ဖြစ်စေ၊ ပါဝင်ပတ်သက်ခြင်းမရှိကြောင်းပြသသည်ဖြစ်စေ လွတ်လပ်သောစုံစမ်းရေးယန္တရား၏ လက်ဝယ်တွင်ရှိသော သက်ဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများအားလုံး ပါဝင်ရမည်။

၁၇။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ရာဇဝတ်မှုများနှင့် အဆိုပါစွပ်စွဲထားသောရာဇဝတ်မှုများအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ တာဝန်ရှိသောပုဂ္ဂိုလ်များအကြား ဆက်စပ်မှုကို ဖော်ထုတ်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး အထူးသဖြင့်ဆက်စပ်မှုရှိကြောင်း အထောက်အထားများအပေါ် အဓိကထားရမည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော အမိန့်ပေးစေခိုင်းခြင်းကြောင့် သို့မဟုတ် ရာထူးမြင့်မားမှုကြောင့် တာဝန်ရှိခြင်းဆိုင်ရာ စည်းမျဉ်းအရအပါအဝင် ပြစ်မှု၏ အကြံအစွယ်နှင့် ရာဇဝတ်မှုအတွက် တာဝန်ရှိပုံအတိအကျများနှင့် ပတ် သက်သော အထောက်အထားများကို အဓိကထားပါသည်။

အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများ မျှဝေခြင်း

၁၈။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ရာဇဝတ်မှုများကို စီရင်ပိုင်ခွင့်ရှိသော သို့မဟုတ် အနာဂတ်တွင် စီရင်ပိုင်ခွင့်ရှိလာနိုင်သော နိုင်ငံတွင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာတရားရုံးများ၊ ခုံရုံးများတွင် အပြည်ပြည်ဆိုင်ရာ

ဥပဒေစံနှုန်းများနှင့်အညီ မျှတပြီးလွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာစစ်ဆေးစီရင်မှုများအား လွယ်ကူချောမွေ့စေရန်နှင့်သွက်လက်မြန်ဆန်စေရန်အတွက် သက်ဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက် အထားအားလုံးကို အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးဆိုင်ရာ၊ တရားစွဲဆိုမှုဆိုင်ရာ သို့မဟုတ် တရား စီရင်ရေးဆိုင်ရာအာဏာပိုင်များနှင့်မျှဝေရမည်။ ဤကိစ္စနှင့်ပတ်သက်၍ လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ် ချက်တွင် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားအား မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ် သက်၍ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး၏ အနာဂတ် စုံစမ်းစစ်ဆေးမှုအားလုံးနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်ရန် တောင်းဆိုထားပါသည်။

၁၉။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားက စုဆောင်း၊ ထိန်းသိမ်း၊ သိမ်းဆည်းထားသော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ အနာဂတ်တွင် မျှတပြီး လွတ်လပ်သော ရာဇဝတ်မှုဆိုင်ရာစစ်ဆေးစီရင်မှုများအား လွယ်ကူချောမွေ့စေရန် ရည်ရွယ်ချက်အပြင် အခြား မည်သည့်နည်းလမ်းဖြင့်မဆိုအသုံးပြုရန် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားက ဆုံးဖြတ်နိုင်ပါသည်။ ထိုသို့ ဆုံးဖြတ်မှုကို ယန္တရား၏သတ်မှတ်ထားသော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုချင်း စီအလိုက် ၎င်း၏ ဆင်ခြင်တုံတရားအရ ပြုလုပ်ပါမည်။

၂၀။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ကုလသမဂ္ဂ၏ စည်းကမ်းများ၊ စည်းမျဉ်းများနှင့် မူဝါဒများ၊ အပြည် ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအပါအဝင် သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် စံနှုန်း များအပြင် အခြားအလားတူအပြည်ပြည်ဆိုင်ရာတာဝန်ခံမှုယန္တရားများ၏ ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများ နှင့်အညီ ၎င်းက သင့်လျော်သည်ဟု ယူဆသော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့်အထောက် အထားများကို မျှဝေရမည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားအနေဖြင့် အခြားသော အကြောင်းအချက် များအပြင် အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများ သို့မဟုတ် အထောက်အထားများ၏လျှို့ဝှက်ထားရှိမှု၊ မူလပိုင်ရှင်များက ထုတ်ဖော်သောသဘောတူခွင့်ပြုချက်နှင့် အချက်အလက်များအား ထို့သို့အသုံးပြုခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် အကာအကွယ်ပေးရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားရမည်။ ထို့ပြင် အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများအား မည်သည့်အသုံးပြုမှုကိုမဆို ကျူးလွန် ခံရသူများနှင့် မျက်မြင်သက်သေများအတွက် သင့်လျော်သောအကာအကွယ်ပေးနိုင်စွမ်းသည့် ခုံရုံးတစ်ရုံးရှေ့ မှောက်တွင် မျှတစွာ တရားစီရင်ခံရပိုင်ခွင့်အပါအဝင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ဥပဒေစံနှုန်းများနှင့် အညီသာဖြစ်ရမည်ဟု ယုံကြည်ထိုက်စွာ သေချာစေနိုင်သော အာဏာပိုင်များ၊ အဖွဲ့များနှင့် အဖွဲ့အစည်းများနှင့် သာလျှင် အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို မျှဝေနိုင်ပါသည်။ ထို့ပြင် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားအနေဖြင့် သေဒဏ်ချမှတ်နိုင်သော သို့မဟုတ် ဆောင်ရွက်နိုင်သော ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးစီရင်မှုများတွင် အသုံးပြုရန်အတွက် အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှုယန္တရားများက အထောက်အထားများမျှဝေခြင်းကို တားမြစ်သော ကုလသမဂ္ဂ၏ မူဝါဒကို လိုက်နာရမည်။

၂၁။ အရည်အချင်းပြည့်မီသောအာဏာပိုင်၊ အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား အထောက်အထားများ မျှဝေ သောအခါ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် အခြားသောလုပ်ထုံးလုပ်နည်းများအပြင် ဖြစ်နိုင်သော အတိုင်းအတာအထိ သင့်လျော်သလို မူရင်းမှတ်တမ်းမှတ်ရာများ သို့မဟုတ် အထောက်အထားများ၏ မိတ္တူမှန် များကို ပေးအပ်ရမည်။ လွတ်လပ်သော စုံစမ်စစ်ဆေးမှုယန္တရားက မျှဝေသော မှတ်တမ်းမှတ်ရာ သို့မဟုတ် အထောက်အထားမူရင်းအားလုံးကို လွတ်လပ်သောယန္တရားထံ ဖြစ်နိုင်သမျှအမြန်ဆုံး မူလအနေအထားအတိုင်း နည်းလမ်းတကျပြန်လည်ပေးအပ်ရမည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားအနေဖြင့် မှတ်တမ်းမှတ်ရာ များ သို့မဟုတ် အထောက်အထားများကို အခြားမည်သည့်အာဏာပိုင်၊ အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းထံမျှ ဖွင့်ဟ ထုတ်ဖော်ခြင်းမပြုရန် အဆိုပါအရည်အချင်းပြည့်မီသော အာဏာပိုင်၊ အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းထံမှ အာမခံ ချက်ကိုလည်း ရယူရမည်။

## ၂။ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များ

၂၂။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားကို ကိုယ်ကျင့်သိက္ခာမြင့်မားပြီး အပြည်ပြည်ဆိုင်ရာဥပဒေများအောက်ရှိ ဆိုးရွားသောရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးခြင်းများနှင့် တရားစွဲဆိုမှုဆောင်ရွက်ရာတွင် ပညာရှင်ဆိုင်ရာ

အရည်အချင်းပြည့်မီမှုအဆင့်အတန်းအမြင့်ဆုံးပိုင်ဆိုင်ထားသည့်အပြင်အတွေ့အကြုံလည်းအများအပြားရှိသော ပုဂ္ဂိုလ်တစ်ဦးက ခေါင်းဆောင်အဖြစ် ဦးဆောင်ရမည်။ အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတကာ နှင့်/သို့မဟုတ် ပြည်တွင်းတွင် ပြစ်မှုဆိုင်ရာတရားမျှတမှုနှင့်ပတ်သက်၍ အတွေ့အကြုံအများအပြားရှိရမည့်အပြင် နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေတို့နှင့်ပတ်သက်၍ နက်ရှိုင်းသောအသိပညာရှိရပါမည်။ ခေါင်းဆောင်သည် အမှီအခိုကင်း၍ သီးသန့်လွတ်လပ်ပြီး သမာသမတ်ကျကြောင်းပြသနိုင်သည့်ယခင်မှတ်တမ်းရှိရမည်ဖြစ်ပြီး တရားမျှတမှု၊ တာဝန်ခံမှုနှင့် လူ့အခွင့်အရေးများကို ထိန်းသိမ်းရန်နှင့် ကျား၊ မ တန်းတူညီမျှမှု ရှိစေရန် ကတိကဝတ်ပြုရမည်။ ခေါင်းဆောင်ကို အထွေထွေအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် ဥပဒေဆိုင်ရာအတိုင်ပင်ခံတို့နှင့် ဆွေးနွေးတိုင်ပင်၍ ခန့်အပ်ရမည်ဖြစ်ပြီး ကနဦးရာထူးသက်တမ်းကာလမှာ နှစ်နှစ်ဖြစ်ကာ လုပ်ပိုင်ခွင့်ကို ဆက်လက်အကောင်အထည်ဖော်ရန်ရှိခြင်းနှင့် ရန်ပုံငွေအပေါ် မူတည်၍ ရာထူးသက်တမ်းကို တိုးမြှင့်ရမည်။

၂၃။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား၏ ခေါင်းဆောင်သည် လွတ်လပ်သော ယန္တရား၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ခြင်းအတွက် မဟာဗျူဟာတစ်ရပ် ရေးဆွဲခြင်း၊ လက်ခံကျင့်သုံးခြင်းနှင့် ပုံမှန်ပြန်လည်သုံးသပ်၍ ပြင်ဆင်ခြင်း၊ လွတ်လပ်သောယန္တရား၏ လုပ်ငန်းအစီအစဉ်ကို သတ်မှတ်ခြင်းနှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ ဆောင်ရွက်ရမည်။

၂၄။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ ခေါင်းဆောင်ကို ဒုတိယခေါင်းဆောင်တစ်ဦးက အကူအညီပေးရမည်ဖြစ်သည်။ အဆိုပါဒုတိယခေါင်းဆောင်သည်လည်း နိုင်ငံတကာ နှင့်/သို့မဟုတ် ပြည်တွင်းတွင် ပြစ်မှုဆိုင်ရာတရားမျှတမှုနှင့်ပတ်သက်၍ အတွေ့အကြုံအများအပြားရှိရမည့်အပြင် နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေတို့နှင့် ပတ်သက်၍ နက်ရှိုင်းသောအသိပညာရှိရပါမည်။ ဒုတိယခေါင်းဆောင်ကို ခေါင်းဆောင်က ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် ကုလသမဂ္ဂဥပဒေဆိုင်ရာအတိုင်ပင်ခံတို့နှင့် ဆွေးနွေးတိုင်ပင်၍ ခန့်အပ်မည်။

၂၅။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ ခေါင်းဆောင်သည် သမာသမတ်ကျပြီး အတွေ့အကြုံရင့်သန်သော ပညာရှင်ဆိုင်ရာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ထမ်းများကို ခန့်အပ်ရမည်။ အဆိုပါဝန်ထမ်းများသည် အခြားသော နယ်ပယ်များအပြင် နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှု၊ အချက်အလက်စနစ်စီမံခန့်ခွဲမှု၊ Application ရေးဆွဲခြင်း၊ အချက်အလက်လုံခြုံရေး၊ အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများ သိမ်းဆည်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ စစ်ဘက်ဆိုင်ရာကိစ္စရပ်များ၊ ဒီဂျစ်တယ်မှုခင်းဆေးပညာ၊ မှုခင်းဆေးပညာဆိုင်ရာ ရောဂါဗေဒနှင့် မှုခင်းဆေးပညာဆိုင်ရာပုံရိပ်ဖော်ခြင်းအပါအဝင် မှုခင်းဆေးပညာ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ၊ အမျိုးသမီးအခွင့်အရေးများ၊ ကလေး သူငယ်အခွင့်အရေးများ၊ ကလေးသူငယ်များအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများ၊ ကျူးလွန်ခံရသူနှင့် မျက်မြင် သက်သေ အကာအကွယ်ပေးခြင်းနှင့် အချက်အလက်နည်းပညာနှင့် လုံခြုံရေးနှင့် ဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့တွင် ကျွမ်းကျင်မှုရှိရမည်။

၂၆။ ဝန်ထမ်းများကို ခန့်အပ်ရာတွင် အထူးသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မတူကွဲပြားသော ဥပဒေဆိုင်ရာ ရိုးရာဓလေ့များမှ ကိုယ်စားပြုပါဝင်မှု၊ နေရာဒေသစုံလင်မှု၊ ကျား၊ မ မျှတမှု၊ ဒေသအလိုက် ကျွမ်း ကျင်မှုနှင့် သက်ဆိုင်ရာဘာသာစကားကျွမ်းကျင်မှုများကို နည်းလမ်းတကျ ထည့်သွင်းစဉ်းစားရမည်။

၂၇။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ ခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်နှင့် ဝန်ထမ်းများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင်နှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လွတ်လပ်မှုနှင့် သမာသမတ်ကျမှု အပြည့်ရှိရမည်ဖြစ်ပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မည်သည့်အစိုးရ သို့မဟုတ် ပြင်ပမှညွှန်ကြားချက်များ တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်း မပြုရ။ ၎င်းတို့သည် ထိရောက်မှု၊ အရည်အချင်းပြည့်မီမှုနှင့် ဂုဏ်သိက္ခာတို့နှင့်ပတ်သက်၍ အမြင့်ဆုံးစံနှုန်းများကို ထိန်းသိမ်းရမည်။

## ၃။ စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ လိုအပ်ချက်များ

၂၈။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေစံနှုန်းများနှင့်အညီ အချက်အလက် များ၊ မှတ်တမ်းမှတ်ရာများနှင့်အထောက်အထားများ စုဆောင်း၊ ပေါင်းစည်း၊ စိစစ်သုံးသပ်၊ ထိန်းသိမ်း၊ သိမ်း ဆည်းခြင်းအတွက်နှင့် မျှတပြီးလွတ်လပ်သောရာဇဝတ်မှုဆိုင်ရာစစ်ဆေးစီရင်မှုများကို လွယ်ကူချောမွေ့စေရန် နှင့် မြန်ဆန်စေရန် အမှုတွဲများပြင်ဆင်ခြင်းအတွက် လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများကို ချမှတ်ကျင့်သုံးရမည်။ နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံးများ သို့မဟုတ် ခုံရုံးများ ရှေ့မှောက်တွင် အဆိုပါအထောက်အထားများနှင့် မှတ်တမ်းမှတ်ရာများ၏ အသုံးဝင်မှုနှင့် သက်သေအဖြစ် လက်ခံနိုင်မှု ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံး ရှိစေရန်အလို့ငှာ အဆိုပါလုပ်ထုံးလုပ်နည်းများသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ ကုလသမဂ္ဂ၏ စည်းကမ်းများ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် ကောင်းမွန်သောလုပ်ထုံးလုပ်နည်း များ၊ လူ့အခွင့်အရေးဥပဒေအပါအဝင် သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်စံနှုန်းများနှင့် ညီညွတ်သော အထူးသဖြင့် မျှတသောတရားစီရင်ခံပိုင်ခွင့်နှင့် အခြားနည်းလမ်းတကျလုပ်ငန်းစဉ်ဆိုင်ရာ ပြဌာန်းချက်များ အစ ရှိသော ဖြစ်နိုင်သမျှအမြင့်မားဆုံး စံနှုန်းများအပေါ်နှင့် သက်ဆိုင်ရာဥပဒေစနစ်အပေါ်အခြေခံရမည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများသည် ကျူးလွန်ခံရသူကို ဗဟိုပြုရမည်ဖြစ်ပြီး လိင်၊ ကျား၊ မ၊ အသက်အရွယ်၊ ကိုးကွယ်ယုံကြည်သောဘာသာနှင့် လူမျိုးတို့နှင့်ပတ်သက်၍ နည်းလမ်းတကျ ထည့်သွင်းစဉ်းစားရပါမည်။ လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများကို ရေးဆွဲသတ်မှတ်ရာတွင် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား သည် အခြားအလားတူ အပြည်ပြည်ဆိုင်ရာတာဝန်ခံမှုယန္တရားများ၏ ကောင်းမွန်သောလုပ်ထုံးလုပ်နည်းများကို ဆွဲယူကျင့်သုံးရမည်။

၂၉။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားအနေဖြင့် လက်ခံရရှိလာသော သက်ဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာပိုင်များနှင့် မျှဝေရန်အတွက် ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများနှင့် အခြားမည်သည့်ရင်းမြစ်များထံမှမဆို အကြောင်းအရာအစုံအလင်သိရှိ၍ပေးအပ်သော သဘောတူခွင့်ပြုချက်ကို ရယူရန် ကြိုးပမ်းရမည်။ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ သဘောတူခွင့်ပြုခြင်း သို့မဟုတ် သဘော တူခွင့်ပြုမှုမရှိခြင်းကို လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားက နည်းလမ်းတကျမှတ်တမ်းတင်ရမည်။

၃၀။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသည် ကျူးလွန်ခံရသူများ၏ အသက်အရွယ်၊ လိင်၊ လိင်စိတ်တိမ်းညွတ်မှု၊ ကျား၊ မ နှင့် ကျန်းမာရေးအခြေအနေတို့ကို ထောက်ရှု၍လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှု သို့မဟုတ် ကလေးသူငယ်များအပေါ်အကြမ်းဖက်မှုပါဝင်သောရာဇဝတ်မှုများတွင် အထူး သဖြင့် ရာဇဝတ်မှု၏ သဘောသဘာဝ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးလုံခြုံမှု၊ အကျိုးစီးပွားများနှင့် ကိုယ်ရေးကိုယ်တာ အခြေအနေများအပေါ် လေးစားရန်နှင့် လေးစားမှုရှိစေရန် သင့်လျော်သောအစီအမံများ ဆောင်ရွက်ရမည်။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ကျူးလွန်ခံရသူများနှင့်မျက်မြင်သက်သေများအား အကာအကွယ် ပေးရန်အတွက် လုပ်ငန်းပိုင်းဆိုင်ရာ သင့်လျော်သော လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများ ချမှတ်ကျင့်သုံး ရမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်စဉ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းရလဒ်အဖြစ် ၎င်းတို့၏ ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့်လုံခြုံရေးကို ကာကွယ်ရန် ယန္တရား၏ နည်းလမ်းများအတွင်း ဖြစ်နိုင်သောအဆင့်အားလုံးကို ဆောင်ရွက် ရမည်။

၃၁။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားနှင့် ပူးပေါင်းဆောင်ရွက်သည့် ထိခိုက်လွယ်သောကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ အထူးသဖြင့် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် လိင်ပိုင်ဆိုင်ရာနှင့် ကျား၊မအခြေပြုအကြမ်းဖက်မှုမှပြန်လည်နိုးထလာသူများအား သင့်လျော်သော ဆေးကုသမှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့ပေးရန် သက်ဆိုင်ရာအဖွဲ့များထံ လွှဲပြောင်းပေးပို့ရာတွင် ကူညီရမည်။

၃၂။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ၎င်းက ရရှိထားသော သို့မဟုတ် ပြုစုထားသော ၎င်း၏ လုပ်ငန်း ဆောင်ရွက်မှုရလဒ်များနှင့် စိစစ်သုံးသပ်မှုများအပါအဝင် အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက် အထားများအားလုံးကို ကုလသမဂ္ဂ၏ အချက်အလက်ဆိုင်ရာဆင်ခြင်သတိထားမှု (Sensitivity)၊

အမျိုးအစားခွဲခြားခြင်း(Classification)နှင့် ကိုင်တွယ်ခြင်း(Handling)ဆိုင်ရာ မူဝါဒများနှင့်အညီ လုံခြုံမှု အဆင့်အတန်း အမျိုးအစား ဆုံးဖြတ်သတ်မှတ်၍ မှတ်တမ်းတင်ရမည်။

၃၃။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသည် အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထား များအား ပြင်ပပုဂ္ဂိုလ်များထံ လွှဲပြောင်းခြင်းအတွက် သင့်လျော်သော နည်းလမ်းများ သတ်မှတ်ရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ရာတွင် နည်းလမ်းတကျလုပ်ငန်းစဉ်နှင့် မျှတသောတရားစီရင်မှု ရရှိခွင့်များနှင့် ညီညွတ်သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများ၏ ရင်းမြစ်များက ထုတ်ဖော်ထားသော သဘောတူခွင့်ပြုချက်၏ အကျုံးဝင်မှုနယ်ပယ်ကို ကောင်းစွာလေးစားရန်၊ ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေ များနှင့် အဆိုပါမူလပိုင်ရှင်များ၏ လျှို့ဝှက်မှုနှင့် လုံခြုံမှုအတွက် သင့်လျော်သော အကာအကွယ်ပေးရန် လိုအပ် ချက်များအပြင် လွှဲပြောင်းလိုက်သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားမှုများ၏ လုံခြုံမှုနှင့်သက်ဆိုင်သော လိုအပ်ချက်များကိုလည်း နည်းလမ်းတကျ ထည့်သွင်းစဉ်းစားရမည်။

၃၄။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် အဆင့်ဆင့်ထိန်းသိမ်းစောင့်ရှောက်မှု (Chain of Custody) ကိစ္စရပ်များ၊ အချက်အလက်ကာကွယ်ရေး၊ အချက်အလက်စီမံခန့်ခွဲရေး၊ အမှုတွဲစီမံခန့်ခွဲရေးနှင့် မှတ်တမ်းတင်ခြင်းနှင့် လုံခြုံရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများကို ချမှတ်ကျင့်သုံးရမည်။ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများသည် အမြင့်မားဆုံးအပြည်ပြည်ဆိုင်ရာစံနှုန်း များနှင့်ကိုက်ညီရမည်ဖြစ်ပြီး အခြားအလားတူအပြည်ပြည်ဆိုင်ရာတာဝန်ခံမှုယန္တရားများ၏ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများကိုလည်း ဆွဲယူအသုံးပြုရမည်။

## ၄။ ပူးပေါင်းဆောင်ရွက်ခြင်း

၃၅။ ဆုံးဖြတ်ချက်အမှတ် (၃၉/၂)တွင် လူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံအစိုးရနှင့် ၎င်း၏ လွတ်လပ်သော စုံစမ်းရေးကော်မရှင်၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်းများနှင့် အခြားအကျိုးသက်ဆိုင်သူများ အပါအဝင်တိုင်းပြည်အားလုံးအား လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ လုပ်ပိုင်ခွင့်အား ထိရောက်စွာ ဖြည့်ဆည်းပေးရန် အထူးသဖြင့် ၎င်းတို့၏ လက်ဝယ်တွင် ရှိနိုင်သော သို့မဟုတ် လက်ဝယ်တွင် ရှိလာနိုင်သော မည်သည့် အချက်အလက်များနှင့် မှတ်တမ်းမှတ်ရာများကိုမဆို လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားထံ ပေးအပ်ခြင်းအားဖြင့် ၎င်းနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်အပြင် ၎င်းတို့၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်များနှင့် ဆက်စပ်သော အခြားမည်သည့်အကူအညီပေးမှုပုံစံများကိုမဆို ပေးအပ်ရန် တိုက်တွန်းထားပါသည်။

၃၆။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရန် ကုလသမဂ္ဂကိုယ်စား မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်မဆို သဘောတူစာချုပ်များ ချုပ်ဆိုပိုင်ခွင့်ရှိရမည်။ ဤလုပ်ပိုင်ခွင့်ကို ကုလသမဂ္ဂက သဘောတူစာချုပ်များချုပ်ဆိုခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်းများနှင့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးရမည်ဖြစ်ပြီး အဆိုပါစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများတွင် သက်ဆိုင်ပါက နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား စာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများပါဝင်ပါသည်။

၃၇။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ၎င်း၏ လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများတွင် နိုင်ငံများနှင့် အခြားသောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများကို ရေးဆွဲချမှတ်ရမည်။

၃၈။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် လိုအပ်ပါကနှင့် သင့်လျော်ပါက ဥပဒေဆိုင်ရာအကူအညီအတွက် အပြန်အလှန်စီစဉ်ဆောင်ရွက်ပေးမှုများမှတဆင့် သို့မဟုတ် အဆိုပါရည်ရွယ်ချက်များ အထူးသဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်နှင့်သက်ဆိုင်ပြီး နိုင်ငံများကပိုင်ဆိုင်သော မည်သည့်သက်ဆိုင်ရာအချက်အလက်များ၊ မှတ်တမ်း မှတ်ရာများ သို့မဟုတ် အထောက်အထားများကိုမဆို အဆိုပါနိုင်ငံများထံမှ လက်ခံရယူရန်အတွက် ပြုလုပ်ချုပ်ဆိုထားသော ကိစ္စရပ်တစ်ခုချင်းအလိုက် စီစဉ်ဆောင်ရွက်မှုများမှတဆင့်အပါအဝင် နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် အချက်အလက်ပေးအပ်သော နိုင်ငံက သက်ဆိုင်ရာ အချက်အလက်

များ၊ မှတ်တမ်းမှတ်ရာများ သို့မဟုတ် အထောက်အထားများ အားလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်တွင် ပူးတွဲထည့်သွင်းနိုင်သော ကန့်သတ်ချက်များ သို့မဟုတ် စည်းကမ်းချက်များကို လိုက်နာရမည်။

၃၉။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် နိုင်ငံများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသတွင်း အဖွဲ့အစည်းများထံမှ ၎င်း၏ လုပ်ပိုင်ခွင့်အကောင်အထည်ဖော်ခြင်းကို အထောက်အကူဖြစ်စေမည့် ငွေကြေးများ၊ လိုအပ်သောကိရိယာနှင့် ကျွမ်းကျင်ပညာရှင်များအပါအဝင် ဝန်ဆောင်မှုများကို ၎င်း၏ ဆင်ခြင်တုံတရားဖြင့် ရယူလက်ခံနိုင်ပါသည်။

၄၀။ ကုလသမဂ္ဂစနစ်တစ်ခုလုံးအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် လူ့အခွင့်အရေးကောင်စီ၏ တောင်းဆိုချက်နှင့်အညီ ကုလသမဂ္ဂနှင့် ၎င်း၏ အစီအစဉ်များ၊ ရန်ပုံငွေများနှင့် ရုံးခန်းများအားလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ပိုင်ခွင့်များအတွင်းမှ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရားနှင့်အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည့်အပြင် အချက်အလက်ဝင်ရောက်ရယူခွင့်အတွက်အပါအဝင် ၎င်း၏ တောင်းဆိုမှုများအားလုံးကို အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ပေးရမည်။

၄၁။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရန်အတွက် သင့်လျော်သလိုနှင့် လိုအပ်သလို သက်ဆိုင်ရာ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

## ၅။ တည်နေရာနှင့် ဥပစာများ

၄၂။ အထွေထွေအတွင်းရေးမှူးချုပ်သည် လုံခြုံရေး၊ ထိရောက်မှုရှိရေး၊ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းနှင့် အခြားမည်သည့်သက်ဆိုင်ရာအချက်များကို မဆို ထည့်သွင်းစဉ်းစား၍ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ ရုံးစိုက်ရာနေရာကို ဆုံးဖြတ်သတ်မှတ်ရမည်။

၄၃။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ ခေါင်းဆောင်သည် မြေပြင်တွင်တည်ရှိမှုများကို သင့်လျော်သလိုနှင့် လိုအပ်သလို ထားရှိရန်စဉ်းစားနိုင်ပြီး ရာဇဝတ်မှုဖြစ်ပွားရာနေရာများနှင့် အဓိကအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများ၏ တည်နေရာ၊ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများထံ လက်လှမ်းမီရောက်ရှိနိုင်မှု၊ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ လုပ်ပိုင်ခွင့်အတွင်းကျရောက်သော ရာဇဝတ်မှုများအပေါ် စီရင်ပိုင်ခွင့်ရှိသည့် နိုင်ငံတွင်၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများနှင့် နီးကပ်မှုနှင့် အခြားမည်သည့်သက်ဆိုင်ရာအချက်များကိုမဆိုလည်း ထည့်သွင်းစဉ်စားနိုင်သည်။

## ၆။ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ

၄၄။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၊ ၎င်း၏ အရာရှိများ၊ မှတ်တမ်းများ၊ မော်ကွန်းများ၊ ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများသည် ၁၉၄၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၃ရက်နေ့ ကုလသမဂ္ဂ၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာသဘောတူစာချုပ်တွင် သတ်မှတ်ထားသော အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ၊ လွတ်ငြိမ်းခွင့်များနှင့် အထောက်အပံ့များကို ခံစားနိုင်ပါသည်။

## ၇။ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်နှင့် ဆက်နွယ်မှု

၄၅။ ဆုံးဖြတ်ချက်အမှတ် (၃၉/၂) အရ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား မလည်ပတ်သေးခင်အထိ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သောနိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်ကို ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပြီး ထိုမစ်ရှင်၏ နောက်ဆုံးအစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီထံ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင် လေးဆယ့် နှစ်ကြိမ်မြောက်အစည်းအဝေး၌တင်ပြခဲ့ပါသည်။ လူ့အခွင့်အရေးကောင်စီက နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်အား လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်မတရားပြုမှုများနှင့်ပတ်သက်၍ များပြားပြီး ဆက်လက်တိုးပွားနေဆဲဖြစ်သော ၎င်းစုဆောင်းခဲ့သည့်အထောက်အထားများကို အပြည့်အဝမှတ်တမ်းတင်ရန်၊ စစ်ဆေးအတည်ပြုရန်၊ ပေါင်းစည်းရန်နှင့်ထိန်းသိမ်းရန်လုပ်ပိုင်ခွင့်ကို သတ်မှတ်ပေးခဲ့ပြီး အဆိုပါမှတ်တမ်းမှတ်

ရာများကို လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားက ထိရောက်စွာ မျှဝေခြင်း၊ ဝင်ရောက်ရယူခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်နိုင်စေရန်အတွက် ဖြစ်ပါသည်။

၄၆။ သီးသန့်လွတ်လပ်သောနိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်က လုပ်ငန်းများ အဆုံးသတ်ပြီး လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား အပြည့်အဝလည်ပတ်လာနိုင်သည့်ခါ ၎င်းတို့၏ လုပ်ပိုင်ခွင့်များအပြင် လုပ်ငန်းများကို တစ်ပြိုင်နက်တည်းဆောင်ရွက်သည့် မည်သည့်သက်ဆိုင်ရာကာလအတွက်မဆို သီးသန့်လွတ်လပ်သောနိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်နှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားတို့သည် အနီးကပ်အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းရှိရမည်။ ရည်ရွယ်ချက်မှာ လုပ်ငန်းများဆက်လက်လည်ပတ်လုပ်ကိုင်နိုင်မှု ရှိစေရန်၊ လုပ်ငန်းများ သင့်လျော်သလို သဟဇာတဖြစ်အောင်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်၊ အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီထိရောက်စွာမျှဝေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းများအားလုံးကို သီးသန့်လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်မှ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားသို့ အခက်အခဲမရှိ ပြောင်းလဲနိုင်စေရန် ဖြစ်ပါသည်။

## ၈။ အစီရင်ခံစာတင်ပြခြင်း

၄၇။ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသည် ၎င်း၏ အဓိကလုပ်ငန်းဆောင်ရွက်မှုများအကြောင်း အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီထံသို့ ၎င်း၏ ၄၂ကြိမ်မြောက်အစည်းအဝေးမှစတင်၍လည်းကောင်း၊ အထွေထွေညီလာခံထံသို့ ၎င်း၏ ၇၄ကြိမ်မြောက်ညီလာခံမှစတင်၍လည်းကောင်း နှစ်စဉ်တင်ပြရမည်။ ထိုသို့တင်ပြရာတွင် ၎င်း၏ ခိုင်မာသောရေးသားဖော်ပြချက်များ၏ လျှို့ဝှက်ထားရှိရမည့် သဘောသဘာဝကို ထိန်းသိမ်းထားရမည်။

## ၉။ ငွေကြေးပံ့ပိုးမှု

၄၈။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားကို အဖွဲ့ဝင်နိုင်ငံများ၏ ထည့်ဝင်ငွေများ(Assessed Contributions)ဖြင့် ငွေကြေးပံ့ပိုးရမည်။ ဆန္ဒသဘောအလျောက်နောက်ထပ်ထည့်ဝင်မှုများကိုလက်ခံမည့် ရန်ပုံငွေတစ်ရပ်ကိုလည်း သင့်လျော်သလို ထူထောင်နိုင်ပါသည်။

## ၁၀။ လုပ်ငန်းလည်ပတ်မှုများ စတင်ခြင်း

၄၉။ အထွေထွေအတွင်းရေးမှူးချုပ်သည် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ ခေါင်းဆောင်နှင့် ဆွေးနွေးတိုင်ပင်၍ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား စတင်လည်ပတ်သည်ဟုမှတ်ယူရမည့်နေ့ကို ဆုံးဖြတ်သတ်မှတ်ရမည်။

## ၁၁။ လုပ်ပိုင်ခွင့် ပြီးမြောက်ခြင်း

၅၀။ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ပြီးမြောက်သောအခါ ၎င်းစုဆောင်း၊ ပေါင်းစည်း၊ စိစစ်သုံးသပ်၊ ထိန်းသိမ်းခဲ့သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့်အထောက်အထားများကို အထွေထွေအတွင်းရေးမှူးချုပ်ရုံးသို့ လွှဲပြောင်းပေးရမည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ၏ စည်းကမ်းများ၊ စည်းမျဉ်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သော အချက်အလက်များ၊ မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများကို ပြင်ပအဖွဲ့အစည်းများထံ မျှဝေနိုင်ပြီး ထိုသို့မျှဝေရာတွင် နိုင်ငံများ၊ ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများ သို့မဟုတ် အချက်အလက်များ၏ အခြားသောရင်းမြစ်များအပေါ် ပေးအပ်ထားခဲ့သည့် လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား၏ ကတိကဝတ်များအပြင် ဆက်လက်ကာကွယ်စောင့်ရှောက်ပေးရမည့် အခြားသောအကျိုးစီးပွားများကို အပြည့်အဝ လေးစားရမည်။